# မိမိမပြုလုပ်ရာကို ဟန်ရေးပြ မပြောဆိုလင့်

၂၀၀၉ ခု အောက်တိုဘာ ၂၃ ရက်

လေးစားတန်ဘိုးထားအပ်သော ဓမ္မမိတ်ဆွေ အပေါင်းတို့ခင်ဗျား–

ယခုအပတ် ကျွန်တော် တင်ပြဆွေးနွေးမယ့် ခေါင်းစဉ်က မိမိက အမှန်တကယ် မပြုလုပ်ရာကို ပြုလုပ်လေသယောင် ကြွားဝါ ပြောဆိုခြင်းများကို အစ္စလာမ်သာသနာက တားမြစ်ပိတ်ခြင်း အကြောင်း ဖြစ်ပါတယ်။

ဒီနေ့– ကျွန်တော်တို့ ကမ္ဘာကြီးမှာ– ပြသနာပေါင်း များစွာကို လူသားတွေ ရင်ဆိုင်နေရပါတယ်။ စားဝတ်နေရေး ပြသနာ၊ လူမှုရေး ပြသနာ၊ အယူဝါဒရေးရာ ပြသနာ စသည်အားဖြင့် များစွာရှိပါတယ်။

ဒီပြသနာတွေထဲက အများစုကြီးဟာ– လူသားတွေရဲ့ ကြွားဝါ ဟန်ရေးပြ ဖြီးဖြန်းတာတွေက စတင်မြစ်ဖြားခံလာခဲ့တယ်လို့ ဆိုလို့ရပါမယ်။ သို့မဟုတ် နာမည်ကြီးချင်ဇောနဲ့– သိက္ခာတက်ချင်ဇောနဲ့– ခေတ်ရေစီးကြောင်းမှာ နေရာရချင်ဇောနဲ့ မိမိ မပြုလုပ်တာကို မိမိက ပြုလုပ်ခဲ့သယောင် ကြွားဝါပြောဆိုခြင်းများကြောင့် အချို့သော ပြသနာတွေဟာ ပိုပြီး ကြီးလာရတယ် လို့ ပြောနိုင်ပါတယ်။

အချို့က– မိမိမရောက်ဘူးတဲ့ အရပ်ဒေသ အကြောင်းကို ဝတ္ထုတွေထဲက ဖတ်မှတ်သိပြီး– ရောက်ဖူးလေသယောင် ပြောဆို တယ်။ အချို့က မိမိက သာမန်ကုန်ကူးသန်းဘူးယုံနဲ့– မိမိလက်မလှမ်းမမှီတဲ့ ကမ္ဘာ့စီးပွားရေးအကြောင်းကို ရေးကြီးခွင်းကျယ် လျှောက်ပြောတယ်၊ အချို့က နိုင်ငံတစ်နိုင်ငံ ဒေသတစ်ခုမှာ ရှိတဲ့ လူသားတွေရဲ့ ယဉ်ကျေးမှု၊ စိတ်နေခံစားချက်၊ လူမျိုးဇစ်မြစ် နဲ့ သမိုင်းတွေကို မသိဘဲ– နိုင်ငံရေးစကားလုံးတွေကို ရေရွတ်တယ်။ အချို့က တစ်ခြားဘာသာတရား အကြောင်းကို စေ့စေ့ စုံစုံ မလေ့လာဘဲ– လေဖမ်းဒါန်းစီး ဝေဖန်သုံးသပ်တယ်။

တစ်ချို့က ပိုတောင်ဆိုးသေးတယ်၊ မိမိယုံကြည်လက်ခံထားတဲ့ ဘာသာတရားကိုတောင် စေ့စေ့စုံစုံ မလေ့လာဘဲ– ကြားဘူး နားဝတွေကို အခြေခံပြီး– ယုတ္တိတန်သည် မတန်သည်ကို မစဉ်းစားဘဲ ထင်ရာမြင်ရာ လျှောက်ပြောတယ်၊–– ဒါတွေဟာ မိမိ လက်တွေ့ မလေ့လာဘူး၊ မိမိကိုယ်တိုင် မကျင့်ကြံ မပြုလုပ်ဘူးဘဲ ကြွားဝါးပြောဆိုခြင်းများသာ ဖြစ်ပါတယ်။ လူသားတွေ အကြား ပြသနာ အမြောက်အများဟာ အဲ့ဒီလို ကြွားဝါ ဟန်ရေးပြတာတွေကြောင့် ဖြစ်လာရတာ များပါတယ်။

အစ္စလာမ်သာသနာက မိမိအနေနဲ့ စေ့စေ့စုံစုံ မသိရင်၊ စနစ်တကျ မလေ့လာဘူးရင်၊ ကိုယ်တိုင် ပြုမူဆောင်ရွက်နိုင်ခြင်း မရှိရင် ထိုအရာကို မပြောဆိုရဘူးလို့ ကျမ်းမြတ်ကုရ်အံ ၆၁း၂–၃ မှာ တိတိကျကျ ပြဋ္ဌာန်းထားပါတယ်။

သူတစ်ပါးကို ပြောချင်ရင်၊ ကိုယ်တိုင်အရင် အဲ့ဒီအလုပ်ကို လုပ်ကိုင်ဆောင်ရွက်ဘို့ လိုပါတယ်။ “ငါပြောသလို လုပ်၊ ငါ လုပ် သလို မလုပ်နဲ့၊”ဆိုတဲ့ ဝါဒဟာ အစ္စလာမ်ဝါဒ မဟုတ်ဘူး။

ကျွန်တော်တို့ အစ္စလာမ်လောကမှာ အလွန်ထင်ရှားတဲ့ ရဟန္တာကြီး တစ်ပါးရှိခဲ့ပါတယ်၊ ဟာဇရာ့သ် အဗ္ဗဒူလ်ကာဒေ ဂျီလာနီ ဆိုတဲ့ ဆရာတော်ကြီးပါ။ တနေ့မှာ အဘွားအို  တစ်ဦးက သူ့မြေးလေးကို ခေါ်လာပြီး– ဆရာကြီးဆီကို ရောက်လာပါတယ်။ ပြီးတော့– ဆရာကြီးရှင် ကျွန်မရဲ့ မြေးလေးကို အချိုတွေကို မစားဘို့ ဆုံးမပေးပါလို့ မေတ္တာရပ်ခံပါတယ်။ အဲ့ဒီအခါ– ဆရာ ကြီးက– သူ့ကို နောက်တစ်လလောက်ကြာရင် ပြန်ခေါ်လာခဲ့လို့ ပြောလိုက်ပါတယ်။

နောက်တစ်လကြာတော့– အဘွားအိုက မြေးကို ခေါ်ပြီး ပြန်လာခဲ့ပါတယ်။ အဲ့ဒီအခါမှ ဆရာကြီးက မြေးလေးရဲ့ ခေါင်းကို ပွတ်သပ်ပြီး “ကလေး– အချိုတွေကို မစားနဲ့နော်၊”လို့ ပြောလိုက်ပါတယ်။ အဘွားအိုက နားမလည်စွာနဲ့ – ဆရာကြီးရှင် ဒီ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

စကားလေးပြောတာများ– တစ်လတောင် စောင့်စရာလိုသလား လို့ မေးလိုက်ပါတယ်။ ဆရာကြီးက– အဲ့ဒီအချိန်တုန်းက ငါကိုယ်တိုင် အချိုကို စားနေတာ၊ ဒီကလေးကို အချိုမစားအောင်ပြောဘို့ ငါကိုယ်တိုင် အချိုစားတဲ့ အကျင့်ကို အရင် ဖျောက်လိုက်ရတယ်။ လို့ ပြောလိုက်ပါတယ်။

စကားစဉ် စကားအရ ဒီအဖြစ်အပျက်ဟာ မှန်သလား မမှန်ဘူးလားတော့ တပ်အပ်မပြောနိုင်ပေမယ့်– ဒီအဆုံးအမလေးကတော့ အင်မတန် မှတ်သားစရာ ကောင်းပါတယ်။ မိမိကိုယ်တိုင်က လိမ်တတ်တဲ့ အကျင့်ကို မဖျောက်ဘဲ– သူတစ်ပါးကို မလိမ်ပါနဲ့ လို့ပြောရင်၊ အဲ့ဒီစကားဟာ အစ္စလာမ့် တရားတော်အရ တရားဝင်ခြင်း မရှိဘူးပါဘူး။

အခုခေတ်မှာ– ဒီလို အမှုတွေ ကျူးလွန်နေတာကို ကျွန်တော်တို့ နေ့စဉ်နဲ့ အမျှ တွေ့နေရပါတယ်၊ ကိုကိုယ်တိုင်က ဘာသာတရားရဲ့ စည်းမျဉ်းနဲ့ အညီမရှိဘူး– သူတစ်ပါးက ဘာသာတရားစည်းမျဉ်းနဲ့ အညီမရှိရင် သရော်ချင်တယ်၊ ကိုကိုယ်တိုင်က လူသားတွေအတွက် အနစ်နာခံခြင်း မရှိဘူး– သူတစ်ပါးက အနစ်နာမခံတာမြင်ရင် ပုတ်ခတ်ချင်တယ်၊ အတင်းပြောချင်တယ်၊ ကိုကိုယ်တိုင်က သူတစ်ပါးအပေါ်မှာ မေတ္တာမထားတတ်ဘူး၊ သူတစ်ပါးက ကိုယ့်ကို မေတ္တာမထားတတ်တာကို အပြစ်ဆိုချင်တယ်။ ကိုကိုယ်တိုင်က သူတစ်ပါးကို နားလည်မပေးတတ်ဘူး သူတစ်ပါးက ကိုယ့်ကို နားလည်မပေးရင် စိတ်ဆိုးလေ့ရှိတယ်။ ဒါတွေဟာ မိမိကိုယ် မိမိပဲသိတတ်တဲ့ မျက်ကန်းအတ္တတွေလို သုံးသပ်နိုင်ပါတယ်။

နောက်တစ်နည်းအားဖြင့်– ကိုကိုယ်တိုင်က အမျိုးသမီးတွေ၊ ကလေးသူငယ်တွေ၊ မိမိတို့ထက်နည်းတဲ့ လူနည်းစုတွေအပေါ်မှာ လူ့အခွင့်အရေးတွေကို နားလည်အောင် မလေ့လာဘူး၊ လူ့အခွင့်အရေးပေးတတ်အောင် နည်းလမ်းမရှာဘူး၊ သူတစ်ပါးက မိမိအပေါ်မှာ လူ့အခွင့်အရေး မပေးတတ်ရင် ဒေါသဖြစ်တယ်၊ မုန်းတီးတယ်၊ ရန်ငြိုးအာဃာတတွေထားတယ်၊ မိမိကိုယ်တိုင် မပြုကျင့်ရာကို သူတစ်ပါးထံမှာ လျှောက်ပြောနေတယ်ဆိုတော့– ကျမ်းမြတ်ကုရ်အာန်က သွန်သင်တာနဲ့ လွဲများနေသလားလို့။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ သုံးသပ်ဘို့လိုပါတယ်။

အစ္စလာမ် သာသနာရဲ့ အနှစ်သာရကို ရိုးရာ ကြားဘူးနားဝတွေနဲ့ အကာရစ်ပတ်ပြီး မိမိရဲ့ ရမက်ကို အမွှမ်းတင်နေတာတော့ အလ္လာဟ်အရှင်နဲ့ ဘာမှာ ပတ်သက်မှာ မဟုတ်ဘူး။ အလ္လာဟ်အရှင် ချမှတ်ပြဋ္ဌာန်းပေးထားတဲ့ ဥပဒေနဲ့ အညီနေသူတွေကိုသာ အလ္လာဟ်အရှင်က စောင့်ရှောက်မှာပါ။

ကျွန်တော်တို့အနေနဲ့– အစ္စလာမ်သာသနာဝင်လို့ ခံယူရင်၊ အလ္လာဟ်အရှင် ပြဋ္ဌာန်းတဲ့ ဥပဒေတွေကို အတတ်နိုင်ဆုံး သိအောင်လေ့လာရမယ်၊ အဲ့ဒီဥပဒေတွေနဲ့ အညီ နေထိုင်ကျင့်ကြံနိုင်အောင် မိမိကိုယ်မိမိ လေ့ကျင့်တည်ဆောက်ရမယ်၊ တဖြေးဖြေး အလ္လာဟ်အရှင်ချမှတ်တဲ့ ဥပဒေတွေနဲ့ အသားကျလာရင်– အဲ့ဒီလူရဲ့ဘဝဟာ ငြိမ်းချမ်းမှုတွေနဲ့ ပြည့်လျှမ်းလာလိမ့်မယ်၊ ဒါဟာ လောကအားလုံးရဲ့ အရှင် အလ္လာဟ်အရှင်က ကျမ်းတော်မှာ ပေးထားတဲ့ ကတိဖြစ်ပါတယ်။ အလ္လာဟ်အရှင် ပြဋ္ဌာန်းပေးထားတဲ့ ဥပဒေတွေဟာ လူသားတွေ ကျင့်ကြံတည်ဆောက်ဘို့ရာလည်း လုံးဝ မခက်ခဲ မပင်ပန်းဘူးလို့ အလ္လာဟ်အရှင်က ကတိပေးပြီးသားပါ။

အလ္လာဟ်အရှင် ပြဋ္ဌာန်းပေးထားတဲ့ ဥပဒေတွေကို ကျမ်းမြတ်ကုရ်အာန်မှာ အပြည့်အစုံတွေ့နိုင်တယ်။ နားလည်တဲ့ ဘာသာစကားနဲ့ ဖတ်ရှုလေ့လာဘို့လည်း ကမ္ဘာ့ နိုင်ငံအားလုံးက ရုံးသုံး ဘာသာစကားတိုင်းနဲ့ ဘာသာပြန်တွေရှိနေတယ်။ ကုရ်အာန်ကျမ်းဟာ– ကမ္ဘာ့ဘာသာရေး စာအုပ်တွေထဲမှာ အပါးဆုံးကျမ်းလည်း ဖြစ်ပါတယ်။ ဆယ်တန်းအောင်ဘွဲ့ရဘို့ စာအုပ်ပေါင်းများစွာကို လေ့လာနေသူတစ်ဦးအနေနဲ့၊ သို့မဟုတ် ဝတ္ထုစာအုပ်ပေါင်းများစွာကို ဖတ်နိုင်သူတစ်ဦးအနေနဲ့ ကုရ်အာန်ကျမ်းကို ဖတ်ဘို့ဆိုတာ အလွန်လွယ်ကူပါတယ်။ စုစုပေါင်း စာဖတ်ချိန် ၁၄ နာရီက၊ နာရီ ၂၀ ကြားမှာ ပြီးအောင် ဖတ်နိုင်ပါတယ်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ကုရ်အံကျမ်းပါ ဥပဒေတွေကို မသိဘဲ– မိမိကျင့်ဆောင်နေတာဟာ ကုရ်အံကျမ်းက ဥပဒေတွေပါလို့ ပြောဆိုနေခြင်းဟာလည်း မိမိမသိတာကို ပြောဆိုခြင်းဆိုတဲ့ ဥပဒေအရ ငြိစွန်းနေတယ်ဆိုတာကို သုံးသပ်မိဘို့ လိုပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော်တင်ပြချင်တာကတော့– ကျွန်တော်တို့ အစ္စလာမ် သာသနာဝင်တွေအနေနဲ့၊ မိမိဝါသနာပါသည့် အလျှောက် လုပ်ငန်းဆောင်တာ– ရည်ရွယ်ချက်များကို လွတ်လပ်စွာ လုပ်ဆောင်နိုင်ပါတယ်။ ဒါပေမယ့်– မိမိလုပ်ဆောင်လေ သမျှသည် ကျမ်းမြတ်ကုရ်အံပါ ဥပဒေနဲ့ ကိုက်ညီသလား၊ သို့မဟုတ် ကိုက်ညီအောင် ဘယ်လို ပုံစံပြောင်းပြီး လုပ်ဆောင် သင့် သလဲလို့ သုံးသပ်ဆင်ခြင်ဘို့ပါ။ ဝိုင်းဝန်း တိုင်ပင် ဆွေးနွေးဘို့ပါ။ – ဒါမှ မဟုတ်ရင်၊ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ အစ္စလာမ်ဖြစ်တယ်လို့ ခံယူနေတာဟာ– မိမိမကျင့်ဆောင်ရာကို မိမိပြောဆိုနေသလို ဖြစ်နေမှာကို စိုးရိမ်မကင်း ဖြစ်မိတယ် ဆိုတာပါပဲ။ တနည်းအားဖြင့် အပြောနဲ့ အလုပ် တစ်ထပ်တည်းကျအောင် လေ့ကျင့်ဘို့ လိုအပ်တယ်ဆိုတာပါပဲ။

အချင်းချင်း ညီအစ်ကိုမောင်နှမ အရင်းကဲ့သို့ သဘောထားပါ။ ဖေးမပါ။ ညှိနှိုင်းဆွေးနွေး အဖြေရှာပါ။ ကျမ်းမြတ်ကုရ်အံပါ ဥပဒေတွေကို အချင်းချင်း သတိဖေါ်ပေးပါ။ လေ့ကျင့်နိုင်အောင် ကူညီပေးပါ။ ဝိုင်းဝန်းပေးပါ။ လို့ မေတ္တာရပ်ခံရင်း–

အလ်ဟာဂ့်ျ ဦးအောင်ဒင် (မြန်မာစာ) ဘီအေ၊ ဘီအီးဒီ၊ အိပ်ဂျီပီ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com